# အိန္ဒိယနိုင်ငံမှ ဘာစမာတီမဟုတ်သော ဆန်ဖြူတင်ပို့မှုဆိုင်ရာ မူဝါဒအား ပြင်ဆင်သတ်မှတ်ခွင့်ပြုမှုအခြေအနေကြောင့် မြန်မာ့ဆန်ဈေးကွက်အပေါ် သက်ရောက်မှု လေ့လာတင်ပြခြင်း

## နိဒါန်း

၁။ ကမ္ဘာ့ဆန်အများဆုံး ထုတ်လုပ်သည့်နိုင်ငံများ အနက်တစ်ခုဖြစ်သော အိန္ဒိယနိုင်ငံမှ မကြာသေးမီက ဆန်ကွဲမှလွဲ၍ ဘာစမာတီမဟုတ်သော ဆန်ဖြူနှင့် ပေါင်းဆန်အပါအဝင် ဆန်အမျိုးအစားအများအပြားကို လွတ်လပ်စွာပြန်လည်တင်ပို့ခွင့်ပြုခဲ့ပါသည်။ အိန္ဒိယနိုင်ငံမှ ယင်းသို့ ဆန်တင်ပို့မှုမူဝါဒ ရုတ်တရက် ပြောင်းလဲလိုက်ခြင်းကြောင့် ကမ္ဘာ့ဆန်တင်ပို့ရောင်းချမှု ဈေးကွက်အပေါ် များစွာလွှမ်းမိုးမှုရှိစေပါသည်။ ကမ္ဘာ့ နဝမမြောက်ဆန်အများဆုံး တင်ပို့သည့်နိုင်ငံဖြစ်သော မြန်မာနိုင်ငံအနေဖြင့်လည်း အဆိုပါ အပြောင်းအလဲကြောင့် သက်ရောက်လာနိုင်သည့် အကျိုးဆက်ကိုသိရှိပြီး၊ လိုအပ်သကဲ့သို့ ကြိုတင် ပြင်ဆင်ဆောင်ရွက်သွားရန် အရေးကြီးပါသည်။ ယခု အစီရင်ခံစာတွင် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန (International Trade Centre, ITC) ၏ Trade Map နှင့် အိန္ဒိယကူးသန်းရောင်းဝယ်ရေးဦးစီးဌာန၏ ပို့ကုန်/သွင်းကုန်အချက်အလက်ဘဏ်မှ ရရှိသော အချက်အလက်များ အပါအဝင် ထိပ်တန်းသတင်းဌာနအသီးသီးမှ ဖော်ပြချက်များကို ကိုးကား၍ မြန်မာ့ဆန်ဈေးကွက်အပေါ် သက်ရောက်မှုကို လေ့လာတင်ပြအပ်ပါသည်။

## ကမ္ဘာ့ဆန်ဈေးကွက်အခြေအနေ

၂။ ဆန်သည် ကမ္ဘာ့လူဦးရေထက်ဝက်ခန့်မှ နေ့စဉ်စားသုံးသော စားနပ်ရိက္ခာဖြစ်သည့်အတွက် ကမ္ဘာ့ကုန်သွယ်ရေးတွင် အရေးပါသော ကုန်စည်တစ်ခုဖြစ်ပါသည်။ ဆန်ကို အဓိကတင်ပို့ရောင်းချသော နိုင်ငံများမှာ မြန်မာနိုင်ငံအပါအဝင် အိန္ဒိယ၊ ထိုင်း၊ ဗီယက်နမ်၊ ပါကစ္စတန် စသည့်နိုင်ငံတို့ဖြစ်ပြီး၊ အဆိုပါ နိုင်ငံသီးသီးမှ ကမ္ဘာ့ဝယ်လိုအားကို ပြည့်မီအောင် ထောက်ပံ့ရောင်းချပေးလျက်ရှိပါသည်။ နိုင်ငံအလိုက် ထုတ်လုပ်မှုပမာဏ၊ ပို့ကုန်မူဝါဒများ၊ ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက် များနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ အပြောင်းအလဲများက ကမ္ဘာ့ဆန်ဈေးကွက်အပေါ် လွှမ်းမိုးမှုများရှိနေပါသည်။

၃။ ၂၀၂၃ ခုနှစ်တွင် ကမ္ဘာ့ဆန်ပို့ကုန်ဈေးကွက်၏ စုစုပေါင်းအရွယ်အစားမှာ အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၃၅ ဘီလီယံရှိပြီး၊ အိန္ဒိယနိုင်ငံမှ အများဆုံးတင်ပို့လျက်ရှိပါသည်။ အိန္ဒိယနိုင်ငံမှ ဆန်ကို တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၁၀ ဒသမ ၄၆ ဘီလီယံတင်ပို့ခဲ့ပြီး၊ ကမ္ဘာ့ဆန်တင်ပို့မှု၏ ၃၀ ဒသမ ၅ ရာခိုင်နှုန်းရှိပါသည်။ အရေအတွက်အားဖြင့် တန်ချိန် ၁၇ ဒသမ ၈၆ သန်း၊ ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း တန်ဖိုးတိုးတက်မှု ၁၂ ရာခိုင်နှုန်းနှင့် အရေအတွက် တိုးတက်မှု ၁၈ ရာခိုင်နှုန်းရှိကြောင်း ဇယား- ၁ (Table-1) ပါ အချက်အလက်များအရ သိရပါသည်။ သက်ဆိုင်ရာ အချက်အလက်ဇယားများကို နောက်ဆက်တွဲဖြင့် တင်ပြအပ်ပါသည်။

၄။ ထိုင်းနိုင်ငံသည် ဒုတိယအကြီးဆုံး ဆန်တင်ပို့သည့်နိုင်ငံဖြစ်ကာ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၅ ဒသမ ၁၂ ဘီလီယံတင်ပို့ခဲ့ပြီး၊ ကမ္ဘာ့ဆန်တင်ပို့မှု၏ ၁၄ ဒသမ ၉ ရာခိုင်နှုန်းရှိပါသည်။ အရေအတွက်အားဖြင့် တန်ချိန် ၈ ဒသမ ၇၅ သန်း နှင့် လွန်ခဲ့သော ၅ နှစ်တာကာလအတွင်း တန်ဖိုးတိုးတက်မှု ၅ ရာခိုင်နှုန်းနှင့် အရေအတွက် တိုးတက်မှုနှုန်း ၆ ရာခိုင်နှုန်းရှိကြောင်း ဇယား- ၁ (Table-1) ပါ အချက်အလက်များအရ သိရပါသည်။

၅။ ဗီယက်နမ်နိုင်ငံသည် တတိယအကြီးဆုံး ဆန်တင်ပို့သည့်နိုင်ငံဖြစ်ကာ ဆန်ကို တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၃ ဒသမ ၈၆ ဘီလီယံတင်ပို့ခဲ့ပြီး၊ ကမ္ဘာ့ဆန်တင်ပို့မှု၏ ၁၁ ဒသမ ၂ ရာခိုင်နှုန်းရှိပါသည်။ လွန်ခဲ့သော ၅ နှစ်တာကာလအတွင်း တန်ဖိုးတိုးတက်မှု ၁၇ ရာခိုင်နှုန်းရှိသော်လည်း အရေအတွက်အားဖြင့် ၄၁ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဇယား- ၁ (Table-1) ပါ အချက်အလက်များအရ သိရပါသည်။ ၎င်းနောက်တွင် ပါကစ္စတန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့ရပ်တည်လျက်ရှိပြီး ကမ္ဘာ့ပို့ကုန်စုစုပေါင်း၏ ၈ ဒသမ ၄ ရာခိုင်နှုန်း နှင့် ၅ ဒသမ ၉ ရာခိုင်နှုန်း အသီးသီးကို ရယူထားကြောင်း သိရှိရပါသည်။

**အိန္ဒိယနိုင်ငံ၏ အနေအထား**

၆။ အိန္ဒိယနိုင်ငံသည် နှစ်စဉ် ဆန်အများဆုံးတင်ပို့လျက်ရှိပြီး ကမ္ဘာ့ဆန်ဈေးကွက်အပေါ် လွှမ်းမိုးထားနိုင်သည့် အနေအထားဖြစ်ပါသည်။ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလမှ စတင်ကာ ပြည်ပသို့ ဆန်ကွဲတင်ပို့မှု ပိတ်ပင်ခဲ့ပြီး၊ ဆန်ဖြူတင်ပို့မှုအပေါ် ၂၀ ရာခိုင်နှုန်း အခွန်စည်းကြပ်ခဲ့သည်။ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လတွင် ဆန်ဖြူတင်ပို့မှု ပိတ်ပင်ခဲ့ပြီး၊ ပေါင်းဆန်အပေါ် ပို့ကုန်ခွန် ၂၀ ရာခိုင်နှုန်း စည်းကြပ်ခဲ့သည်။ သို့သော် အိန္ဒိယ နိုင်ငံခြားကုန်သွယ်မှု ညွှန်ကြားမှု ဦးစီးဌာနမှ ယခုနှစ် စက်တင်ဘာလ ၂၈ ရက် နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာအမှတ်၊ ၃၁/၂၀၂၄-၂၅ အရ ဘာစမာတီမဟုတ်သော ဆန်ဖြူကို အနိမ့်ဆုံးပို့ကုန်ဈေးနှုန်း ၁ တန်လျှင် ကန် ဒေါ်လာ ၄၉၀ သတ်မှတ်၍ ပြန်လည်တင်ပို့ခွင့်ပြုခဲ့သည်။ တစ်ဖန် အဆိုပါ ဦးစီးဌာနမှ ယခုနှစ် အောက်တိုဘာလ ၂၃ ရက် နေ့စွဲဖြင့် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ်၊ ၃၇/၂၀၂၄-၂၅ အရ အဆိုပါ အနိမ့်ဆုံးပို့ကုန်ဈေးနှုန်းအား ထပ်မံဖယ်ရှားခဲ့ပြီး လွတ်လပ်စွာ တင်ပို့ခွင့်ပြုခဲ့သည်။ ထို့ကြောင့် လတ်တလော ကမ္ဘာ့ဆန်ဈေးကွက်တွင် ဆန်ဈေးနှုန်းများ ၁၀ ရာခိုင်နှုန်းကျော် ကျဆင်းလာကြောင်း The Hindu Businessline သတင်းဌာနက ဖော်ပြခဲ့ပါသည်။

၇။ အိန္ဒိယနိုင်ငံသည် အယ်နီညိုနှင့် ရာသီဥတုဖေါက်ပြန်မှုများကြောင့် ဆန်အဓိကစိုက်ပျိုးရာ ဒေသများ၌ မိုးရေချိန်ရရှိမှုနည်းပါးခဲ့ပြီး ဆန်အထွက်နှုန်းကျဆင်းကာ ပြည်တွင်းဆန်ဈေးနှုန်းများ မြင့်တက်လာမည်ကို စိုးရိမ်မကင်းဖြစ်ကာ ဆန်ကွဲအပါအဝင်၊ ဘာစမာတီမဟုတ်သောဆန်ဖြူကို ပြည်ပသို့ တင်ပို့ခွင့် ပိတ်ပင်ထားခဲ့ခြင်းဖြစ်သည်။ ယခုအခါ ပြည်တွင်း၌ အရန်ဆန်များ ပိုလျှံကာ၊ လာမည့် ရာသီတွင် ဆန်အထွက်နှုန်းတိုးရန် မျှော်မှန်းလျက်လည်းကောင်း၊ တစ်ဖက်တွင် ပါကစ္စတန်၊ ထိုင်းနှင့် ဗီယက်နမ်

နိုင်ငံကဲ့သို့ ပြိုင်ဖက်နိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်စွမ်းပိုမိုရရှိနိုင်စေရန် လည်းကောင်း နိုင်ငံ၏ ဆန်ပို့ကုန်မူဝါဒ ကို ပြင်ဆင်ဖြေလျှော့ပေးခဲ့ပါသည်။ သို့သော် ဆန်ကွဲတင်ပို့မှုကိုမူ လက်ရှိအချိန်ထိ ပိတ်ပင်ထားရှိဆဲဖြစ်ပါသည်။

**ကမ္ဘာ့ဆန်ဈေးကွက်အပေါ် မူဝါဒအကျိုးသက်ရောက်မှု**

၈။ ကမ္ဘာ့ဆန်ဈေးကွက်တွင် ရောင်းလိုအားတိုးမြင့်လာကာ ဈေးနှုန်းများ ကျဆင်းလာဖွယ်ရှိပါသည်။ ဆန်ကို အများဆုံးထုတ်လုပ်သည့် နိုင်ငံဖြစ်သော အိန္ဒိယအနေဖြင့် ဈေးနှုန်းကို အခြားနိုင်ငံများထက် ပိုမိုသက်သာသော နှုန်းထားဖြင့် ကမ်းလှမ်းရောင်းချလာနိုင်သည့်အတွက် မြန်မာနိုင်ငံအပါအဝင် ပြိုင်ဖက်နိုင်ငံများ၏ ဆန်ဈေးနှုန်းအပေါ် ကြီးစွာ အကျိုးသက်မှုရှိနိုင်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် လတ်တလော ဆန်တင်ပို့ရောင်းချလျက်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မလေးရှားနိုင်ငံများတွင် ယှဉ်ပြိုင်မှုများ တိုးမြင့်လာကာ ပို့ကုန်ပမာဏနှင့် အမြတ်အစွန်းရနိုင်စွမ်းကို ထိခိုက်ဖွယ်ရှိနေပါသည်။

**မြန်မာနိုင်ငံ၏ အနေအထား**

၉။ မြန်မာနိုင်ငံသည် ကမ္ဘာ့ဆန်ဈေးကွက်တွင် နည်းပါးသော်လည်း သိသာသည့် ဝေစုကို ရရှိထားပါသည်။ ကမ္ဘာ့ဆန်တင်ပို့မှု၏ ၂ ဒသမ ၂ ရာခိုင်နှုန်းကို ရယူထားပြီး၊ တင်ပို့မှုတန်ဖိုး ကန်ဒေါ်လာ ၇၄၃ ဒသမ ၅ သန်းနှင့် အရေအတွက် တန်ချိန် ၁ ဒသမ ၅၉ သန်းရှိကြောင်း၊ ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း တန်ဖိုးတိုးတက်မှုနှုန်း ၁ ရာခိုင်နှုန်းနှင့် အရေအတွက်တိုးတက်မှုနှုန်း ၆ ရာခိုင်နှုန်းရှိကြောင်း ဇယား- ၇ (Table-7) ပါ အချက်အလက်များအရ သိရပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်အများဆုံး တင်ပို့ပြီး၊ ၂၀၂၃ ခုနှစ်တွင် တန်ဖိုး ကန်ဒေါ်လာ ၂၀၅ ဒသမ ၈ သန်းနှင့် ၄၄၀၁၅၈ တန် တင်ပို့ခဲ့ကာ စုစုပေါင်းတင်ပို့မှု၏ ၂၇ ဒသမ ၇ သန်းရှိပါသည်။ သို့သော် ပြီးခဲ့သည့် (၅) နှစ်တာကာလအတွင်း တန်ဖိုးနှင့် အရေအတွက်တိုးတက်မှု နှစ်ရပ်လုံး အနည်းငယ်ကျဆင်းခဲ့သည်ကို တွေ့ရပါသည်။

၁၀။ မြန်မာနိုင်ငံမှ အင်ဒိုနီးရှားနိုင်ငံသို့ ဆန် ဒုတိယအများဆုံး တင်ပို့ပြီး၊ ၂၀၂၃ ခုနှစ်တွင် တန်ဖိုး ကန်ဒေါ်လာ ၉၈ ဒသမ ၅၇ သန်းနှင့် ၁၇၅၅၈ တန် တင်ပို့ခဲ့ကာ စုစုပေါင်းတင်ပို့မှု၏ ၁၃ ဒသမ ၃ ရာခိုင်နှုန်းရှိပါသည်။ သို့သော် ပြီးခဲ့သည့် (၅) နှစ်တာကာလအတွင်း တန်ဖိုး ၂ ရာခိုင်နှုန်းနှင့် အရေအတွက် ၁၄ ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့သည်ကို တွေ့ရပါသည်။ ဘယ်ဂျီယံနိုင်ငံသည် ဆန်တတိယအများဆုံး တင်ပို့ရာ နိုင်ငံတစ်ခုဖြစ်ပြီး၊ ၂၀၂၃ ခုနှစ်တွင် တန်ဖိုး ကန်ဒေါ်လာ ၈၆ ဒသမ ၁၁၆ သန်းနှင့် ၂၁၄၃၀၀ တန် တင်ပို့ခဲ့ကာ စုစုပေါင်းတင်ပို့မှု၏ ၁၁ ဒသမ ၆ သန်း ရှိပါသည်။ သို့သော် ပြီးခဲ့သည့် (၅) နှစ်တာ ကာလအတွင်း တန်ဖိုး ၁၄ ရာခိုင်နှုန်းနှင့် အရေအတွက် ၃ ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့သည်ကို တွေ့ရပါသည်။ ၎င်းသည် မြန်မာနိုင်ငံအတွက် ဈေးကွက်ထပ်မံချဲ့ထွင်နိုင်မည့် အလားလာကောင်းကို ပြသလျက်

ရှိပါသည်။ ၎င်းနောက်တွင် စပိန်၊ ပိုလန်၊ မလေးရှား၊ နယ်သာလန်၊ တူရကီ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့က အသီးသီးရပ်တည်လျက်ရှိကြောင်း ဇယား- ၇ (Table-7) ပါ အချက်အလက်များအရ သိရပါသည်။

၁၁။ ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံမှ တူရကီနိုင်ငံသို့ ဆန်တင်ပို့မှု ကန်ဒေါ်လာ ၂၁ ဒသမ ၈၁ သန်း၊ အရေအတွက်အားဖြင့် ၄၆၉၆၆ တန် တင်ပို့ခဲ့ကာ၊ ပြီးခဲ့သည့် ၅ နှစ်တာကာလအတွင်း တန်ဖိုးတိုးတက်မှု ၂၂၇ ရာခိုင်နှုန်းနှင့် အရေအတွက် တိုးတက်မှု ၆၂ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် မြန်မာ့ဆန်ကို အဆိုပါနိုင်ငံသို့ ပိုမိုတိုးတက်တင်ပို့နိုင်မည့် အခွင့်အလမ်းနှင့် အလားအလာကောင်းများ ရှိနေပါသည်။ ၎င်းနောက်ရှိ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည်လည်း မြန်မာ့ဆန်တင်ပို့မှုအတွက် အခွင့်အလမ်းနှင့် အလားအလာကောင်းများရှိနေသည်ကို တွေ့ရှိရပါသည်။ ၂၀၂၃ ခုနှစ်တွင် ဆန် ၅၁၅၂၅ တန်နှင့် ကန်ဒေါ်လာ ၂၀ ဒသမ ၃၇၅ သန်း တင်ပို့ထားသည်ကို တွေ့ရှိရပါသည်။ လွန်ခဲ့သော ၅ နှစ်တာကာလအတွင်း တန်ဖိုးတိုးတက်မှု ၄၀၄ ရာခိုင်နှုန်းနှင့် အရေအတွက် တိုးတက်မှု ၇၈ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါသည်။ လတ်တလောတွင် မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နှစ်စဉ် ဆန်တန်ချိန် ၁ သိန်းခွဲမှ ၂ သိန်းခန့်အား အစိုးရအချင်းချင်းအစီအစဉ်မှတစ်ဆင့် တင်ပို့ရောင်းချလျက်ရှိကြောင်း သိရှိရပါသည်။

## မြန်မာနိုင်ငံမှ လတ်တလောဆန်တင်ပို့မှုအခြေအနေ

၁၂။ ၂၀၂၄-၂၀၂၅ ခုနှစ် ပထမနှစ်ဝက်ကာလအတွင်း မြန်မာနိုင်ငံမှ ဆန်နှင့် ဆန်ကွဲ တန်ချိန် ၉၃၀၀၀၀ တန် တင်ပို့ထားပြီးဖြစ်ကာ တန်ဖိုး ကန်ဒေါ်လာ ၄၅၈ သန်းခန့်ရရှိထားကြောင်း မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်က ဖော်ပြထားသည်။ ယင်းအနက် ဆန်တန်ချိန် ၉ သိန်းကို ပင်လယ်ရေကြောင်းမှလည်းကောင်း၊ ကျန် ဆန်တန်ချိန် ၂ သောင်းခန့်ကို နယ်စပ်ကုန်သွယ်မှု လမ်းကြောင်းမှ လည်းကောင်း တင်ပို့ထားကြောင်း သိရပါသည်။ ဧပြီလတွင် ဆန်နှင့် ဆန်ကွဲ တန်ချိန် ၁ ဒသမ ၁၂ သိန်းနှင့် တန်ဖိုး ကန်ဒေါ်လာ ၅၅ သန်း အားလည်းကောင်း၊ မေလတွင် တန်ချိန် ၇ သောင်း ၁ ထောင်ကျော်နှင့် တန်ဖိုး ကန်ဒေါ်လာ ၃၆ သန်း အားလည်းကောင်း၊ ဇွန်လတွင် တန်ချိန် ၁ ဒသမ ၆၂ သိန်းနှင့် တန်ဖိုး ကန်ဒေါ်လာ ၈၄ သန်းအား လည်းကောင်း၊ ဇူလိုင်လတွင် တန်ချိန် ၁ ဒသမ ၆၅ သိန်းနှင့် တန်ဖိုး ကန်ဒေါ်လာ ၈၁ သန်းအား လည်းကောင်း၊ ဩဂုတ်လတွင် တန်ချိန် ၂ ဒသမ ၀၇ သိန်းနှင့် တန်ဖိုး ကန်ဒေါ်လာ ၉၇ သန်းအား လည်းကောင်း၊ စက်တင်ဘာလတွင် တန်ချိန် ၂ ဒသမ ၂ သိန်းခန့်နှင့် တန်ဖိုး ကန်ဒေါ်လာ ၁၀၄ သန်းအားလည်းကောင်း အသီးသီးတင်ပို့ထားကြောင်း သိရပါသည်။ အသင်းချုပ်အနေဖြင့် လက်ရှိဘဏ္ဍာ နှစ်တွင် ပြည်ပသို့ ဆန်နှင့် ဆန်ကွဲ ၂ ဒသမ ၅ သန်းတင်ပို့နိုင်ရေး ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိကြောင်း Global New Light of Myanmar မှ ဖော်ပြထားပါသည်။

၁၃။ မကြာမီက မြန်မာနိုင်ငံတွင် အာရှနိုင်ငံအချို့တွင် ဖြစ်ပွားခဲ့သော ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ကာ ဆန်စက်၊ ဆန်ဂိုဒေါင်များနှင့် စပါးစိုက်ပျိုးမြေဧက ၅၀၀၀ ခန့် ပျက်စီးခဲ့ရသည့်အတွက် ပြည်တွင်းဆန်ထုတ်လုပ်မှုနှင့် ရောင်းလိုအားကို ထိခိုက်စေခဲ့ပါသည်။ သို့သော်

လက်ရှိဘဏ္ဍာနှစ်တွင် အရန်ဆန် တန်ချိန် ၄ သန်းခန့်ကျန်ရှိအတွက် ပြည်ပတင်ပို့မှုအပေါ် ထိခိုက်စေခြင်း မရှိဟု တာဝန်ရှိများက အတည်ပြုထားပါသည်။ ထို့ကြောင့် လာမည့် ရာသီအတွက် ပြည်ပသို့ ဆန်တင်ပို့မှု ပမာဏကို ပြန်လည်သုံးသပ်ရန် ရှိနေပါသည်။

**မြန်မာနိုင်ငံအပေါ် မူဝါဒအကျိုးသက်ရောက်မှု**

၁၄။ အိန္ဒိယနိုင်ငံမှ မကြာသေးမီက ဘာစမာတီမဟုတ်သော ဆန်ဖြူတင်ပို့မှု ပြန်လည်ခွင့်ပြုပေးခဲ့သော မူဝါဒအပြောင်းအလဲမှတစ်ဆင့် မြန်မာနိုင်ငံ၏ ဆန်ပို့ကုန်ကဏ္ဍအပေါ် သက်ရောက်မှုရှိလာနိုင်ဖွယ်ရှိသော ကောင်းကျိုးဆိုးကျိုးများကို အောက်ပါအတိုင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်-

**ကောင်းကျိုးများ**

(က) **ဈေးကွက်အခွင့်အလမ်းသစ်များပေါ်ထွက်လာခြင်း။** အိန္ဒိယမှ ပါဝင်မှုနည်းပါးသော သောနယ်မြေ/ဒေသအချို့မှ ဝယ်လိုအားမြင့်တက်လာနိုင်သည့် အခွင့်အလမ်းရှိပါသည်။ ဥပမာ-တူရကီနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဈေးကွက်များသို့ တိုးချဲ့တင်ပို့နိုင်ရေး ဆောင်ရွက်သင့်ပါသည်။

(ခ) **အထူးတန်းဝင်ဆန်ဈေးကွက် (Niche Market)။** မြန်မာနိုင်ငံအနေဖြင့် အချို့သော ဆန်မျိုးစိတ် မျိုးကွဲများအား အထူးအရည်အသွေးမြင့်မားသော ဆန်ဈေးကွက်အတွက် ရည်ရွယ်ထုတ်လုပ်ရောင်းချခြင်းမှ အကျိုးအမြတ်ရရှိလာနိုင်ပါသည်။ ဥပမာ- ဘယ်ဂျီယံနှင့် စပိန်ဈေးကွက်များသို့ ဦးတည်ဆောင်ရွက်သင့်ပါသည်။

(ဂ) **ဆန်းသစ်တီထွင်မှုနှင့် အရည်အသွေးမြှင့်တင်မှု။** ဆန်းသစ်တီထွင်မှုနှင့် အရည်အသွေး စံချိန်စံညွှန်းများမြှင့်တင်ခြင်းဖြင့် ရေရှည်အကျိုးစီးပွားကို ဖြစ်ထွန်းနိုင်စေပါသည်။

**ဆိုးကျိုးများ**

(က) **ဈေးကွက်အတွင်း ယှဉ်ပြိုင်မှုတိုးမြင့်လာခြင်း။** အိန္ဒိယနိုင်ငံအနေဖြင့် လက်ရှိ ဘဏ္ဍာနှစ်တွင် ယခင် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်က တင်ပို့သည့် ပမာဏဖြစ်သော ဆန်တန်ချိန် ၁၆ ဒသမ ၃၆ သန်းကို ကျော်လွန်၍ တင်ပို့လာဖွယ်ရှိသဖြင့် မြန်မာနိုင်ငံအတွက် အချို့ဆန်ဈေးကွက်များအတွင်း၊ အထူးသဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ယှဉ်ပြိုင်မှု ပြင်းထန်လာနိုင်ပါသည်။

(ခ) **ဈေးနှုန်းများကျဆင်းလာခြင်း။** အိန္ဒိယနိုင်ငံမှ ဆန်များတိုးမြှင့်ရောင်းချလာဖွယ်ရှိသည့်အတွက် ကမ္ဘာ့ဆန်ဈေးကွက်အတွင်း ဆန်ရောင်းလိုအားမြင့်တက်ကာ ဈေးနှုန်းများ

ကျဆင်းလာဖွယ်ရှိပါသည်။ ၎င်းမှတဆင့် မြန်မာနိုင်ငံအတွက် ဆန်ပို့ကုန်မှ ရငွေ ကျဆင်းလာနိုင်ပါသည်။

(ဂ) **ဈေးကွက်ဝေစုကျဆင်းသွားခြင်း။** မြန်မာနိုင်ငံအနေဖြင့် ဈေးကွက်ဝေစုရရှိထားသော နိုင်ငံဈေးကွက်အချို့တွင် အိန္ဒိယ၏ ပါဝင်မှုတိုးမြင့်လာပြီး၊ ဈေးကွက်ဝေစုများ လျော့နည်း ကျဆင်းသွားခြင်းမျိုးဖြစ်နိုင်ပါသည်။ အထူးသဖြင့် ပထဝီဝင်အနေအထားအရ နီးကပ်မှုသော ဖိလစ်ပိုင်နှင့် မလေးရှားကဲ့သို့ ဈေးကွက်များအပေါ် အကျိုးသက်ရောက်မှု ရှိနိုင်ပါသည်။

**မဟာဗျူဟာမြောက်နည်းလမ်းအချို့နှင့် မူဝါဒရေးရာအကြံပြုချက်**

၁၅။ အစိုးရနှင့် ဌာနဆိုင်များအနေဖြင့် မူဝါဒများပြင်ဆင်ရေးဆွဲခြင်းနှင့် ထောက်ပံ့မှုများဆောင်ရွက်သင့်ပါသည်။ ဈေးကွက်သစ်များသို့ ရှာဖွေတင်ပို့မည့် ဆန်ပို့ကုန်တင်ပို့သူများအတွက် ထောက်ပံ့ကြေးများ၊ ပေးအပ်ခြင်း၊ အခွန်အကောက်လျှော့ပေါ့ပေးခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ မက်လုံးပေးစွဲဆောင်မှုများ ဆောင်ရွက်သင့်ပါသည်။ ပို့ကုန်လုပ်ငန်းများ ပိုမိုချောမွေ့လွယ်ကူစေရန် သယ်ယူပို့ဆောင်ရေး၊ သိုလှောင်မှုနှင့် ပြုပြင်ကြိတ်ခွဲများ အထောက်အကူများစသည့် အခြေခံဆောက်အအုံများ တိုးတက်ကောင်းမွန်အောင် အသုံးစရိတ်တိုးမြှင့်သုံးစွဲသင့်ပါသည်။

၁၆။ ရှိရင်းစွဲ နှစ်နိုင်ငံကုန်သွယ်မှုဆိုင်ရာ သဘောတူညီများကို ပြင်ဆင်ချဲ့ထွင်ခြင်းနှင့် ရည်ရွယ်သော ဈေးကွက်နိုင်ငံများနှင့် ညှိနှိုင်းသဘောတူညီချက် အသစ်များ ရယူဆောင်ရွက်ကာ တင်ပို့ရောင်းချသင့်ပါသည်။ ပို့ကုန်မူဝါဒအပေါ် လွှမ်းမိုးမှုရှိသော ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကဲ့သို့ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအဖွဲ့အစည်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်သင့်ပါသည်။ အထွက်နှုန်းမြင့်မားပြီး၊ ရောဂါဒဏ်ခံနိုင်သော ဆန်မျိုးစိတ်သစ်များ ဖော်ထုတ်နိုင်ရေးအတွက် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အားပေးဆောင်ရွက်သင့်ပါသည်။ ကမ္ဘာလုံးဆိုင်ရာ သဘာပတ်ဝန်းကျင်စံချိန်စံညွှန်းများနှင့်အညီ ရေရှည်တည်တံ့သော စိုက်ပျိုးရေး နည်းနာအလေ့အကျင့်များကို မြှင့်တင်ဆောင်ရွက်သင့်ပါသည်။

၁၇။ ပုဂ္ဂလိကကဏ္ဍအနေဖြင့် ကမ္ဘာ့ဈေးကွက်၏ အလားအလာ၊ စားသုံးသူအကြိုက် ပြောင်းလဲလာမှု၊ ပြိုင်ဖက်နိုင်ငံများ၏ ခြေလှမ်းများကို သိရှိထောက်လှမ်းနိုင်ရန် သတင်းအချက်အလက်နှင့် ဈေးကွက်သုတေသနကို အထူးသဖြင့် လုပ်ဆောင်သင့်ပါသည်။ မြန်မာ့ဆန်၏ ထူးခြားသော အရည်အသွေးနှင့် စံချိန်စံညွှန်း ပြည့်မှီသည့်အချက်ကို စောင်းပေး၍ ခိုင်မာသော အမျိုးသားရေးအမှတ်တံဆိပ်ကို ပုံဖော်ဆောင်ရွက်သင့်ပါသည်။ ခေတ်မီသော ဒစ်ဂျစ်တယ်နည်းပညာရပ်များကို အသုံးပြု၍ ဈေးကွက်ရှာဖွေ

ဖော်ဆောင်ခြင်း၊ လူမှုမီဒီယာများနှင့် အခြားသော ပလက်ဖောင်းများမှတဆင့် အဆိုပါ အမှတ်တံဆိပ်၏ ပုံရိပ်ကို မြှင့်တင်ဆောင်ရွက်သင့်ပါသည်။

၁၈။ မကြာသေးမီက အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံ (PPP Model) ဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းတည်ထောင် လွှင့်တင်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မြန်မာဆန်စပါး အွန်လိုင်း(MyRo) ကဲ့သို့ အဆင့်မြင့်ဒစ်ဂျစ်တယ်နည်းပညာများကို အသုံးပြု၍ စနစ်တကျ စီမံခန့်ခွဲ ဆောင်ရွက်ခြင်းနှင့် သတင်းအချက်အလက်ဖြန့်ချိခြင်းမျိုးမှာ ထိရောက်အောင်မြင်မှုရှိပါသည်။

၁၉။ ရောင်းလိုအားကွင်းဆက်တလျှောက်တွင် အချိန်နှင့် ကုန်ကျစရိတ်များလျှော့ချနိုင်ရန် ထောက်ပံ့ပို့ဆောင်မှုကောင်းမွန်ရန်ရေး ဆောင်ရွက်သင့်သည်။ သက်ဆိုင်ရာ ဈေးကွက်များရှိ ဖြန့်ချိသူများ၊ လက်လီရောင်းသူများ၊ စားသောကုန် ဝန်ဆောင်မှုလုပ်ငန်းများနှင့် အတူလက်တွဲဆောင်ရွက်ခြင်း၊ အာဟာရ ထည့်သွင်းထားပြီး၊ ရေရှည်တည့်တံ့သော ဆန်မျိုးစိတ်မျိုးကွဲများကို မြှင့်တင်နိုင်ရန် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အတူပူးပေါင်းဆောင်ရွက်သင့်ပါသည်။ နိုင်ငံတကာမှလက်ခံသော စံချိန်စံညွှန်းများ ပြည့်မီစေရန် ISO၊ HACCP နှင့် သြဂဲနစ်လက်မှတ်ကဲ့သို့ လိုအပ်သော အသိအမှတ်ပြု လက်မှတ်များ ရယူထားရန် လိုအပ်ပါသည်။

၂၀။ ဈေးကွက်အနည်းငယ်အပေါ် အလွန်အကျွံမှီခိုမှုပြုခြင်းမှာ အန္တရာယ်ကြီးမားသည့်အတွက် ဈေးကွက်အမျိုးမျိုး ခွဲခြားဆောင်ရွက်ခြင်း (Market Diversification) ပြုသင့်ပါသည်။ ဥပမာ- တူရကီ နှင့် ဘင်္ဂလားဒေ့ရှ်တို့ကဲ့သို့ ဝယ်လိုအား ကြီးထွားလာသောနိုင်ငံများနှင့် အိန္ဒိယ၏ လွှမ်းမိုးမှုနည်းပါးသော အာဖရိက၊ လက်တင်အမေရိက နိုင်ငံအချို့နှင့် အရှေ့အလယ်ပိုင်းနိုင်ငံအချို့သို့ ဈေးကွက်ချဲ့ထွင်ဝင်ရောက်သင့်ပါသည်။ ဘယ်ဂျီယံနှင့် စပိန်နိုင်ငံတို့ကဲ့သို့ ဈေးကွက်များအတွက် အထူးတန်းဝင်ဆန်များ၊ သြဂဲနစ်လက်မှတ်ရ တန်ဖိုးမြင့်ဆန်များကို ရောင်းချခြင်းကဲ့သို့ ထုတ်ကုန်ခွဲခြားဆောင်ရွက်ခြင်း (Product Differentiation) ပြုလုပ်သင့်ပါသည်။

## နိဂုံး

၂၁။ အိန္ဒိယနိုင်ငံမှ ဘာစမာတီမဟုတ်သော ဆန်ဖြူတင်ပို့မှုဆိုင်ရာ မူဝါဒအား ပြင်ဆင်သတ်မှတ်ခွင့်ပြုမှုအခြေအနေကြောင့် မြန်မာ့ဆန်ဈေးကွက်အပေါ် သက်ရောက်မှု၊ ကောင်းကျိုး၊ ဆိုးကျိုးများကို လေ့လာတင်ပြခဲ့ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် လက်ရှိရရှိထားသော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် အိန္ဒိယမှ ယှဉ်ပြိုင်မှုတိုးမြင့်လာနိုင်သဖြင့် အစိုးရအချင်းချင်းအစီအစဉ်များကဲ့သို့ သဘောတူညီမျှားဆောင်ရွက်ကာ လက်ဦးမှုရယူသင့်ပါသည်။ အိန္ဒိယမှ ပါဝင်မှုနည်းပါးသော အာဖရိက၊ လက်တင်အမေရိက၊ အရှေ့အလယ်ပိုင်းဒေသ နိုင်ငံအချို့နှင့် အထူးတန်းဝင်ဆန်ဈေးကွက်

များ၌ ဈေးကွက်အခွင့်အလမ်းများပေါ်ပေါက်လာနိုင်ကြောင်း တွေ့ရှိရပါသည်။ ဈေးကွက်အမျိုးမျိုးခွဲခြား ဆောင်ရွက်ခြင်း၊ ထုတ်ကုန်ခွဲခြားဆောင်ရွက်ခြင်း၊ အရည်အသွေးစံချိန်စံညွှန်းပြည့်မီအောင်ဆောင်ရွက် ခြင်း၊ ကုန်သွယ်မှုဆိုင်ရာ ဆက်ဆံရေးများ ပြေပြစ်အောင်ဆောင်ရွက်ခြင်း၊ ရောင်းလိုအား ကွင်းဆက် တစ်လျှောက် ချော့မွေ့လွယ်ကူမှုရှိအောင် ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံ၏ မူဝါဒအပြောင်းအလဲကို ထိရောက်စွာ တန်ပြန်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

၂၂။ အစိုးရနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ကဲ့သို့ ပုဂ္ဂလိကအဖွဲ့အစည်းများအကြား အတူပူး ပေါင်းဆောင်ရွက်ခြင်းက ဖော်ပြပါ မဟာဗျူဟာများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက် ရန် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်ပါသည်။ အစိုးရမှ မူဝါဒပိုင်းမှ ပံ့ပိုးဆောင်ရွက်မှု၊ အခြေ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်မှု၊ ပို့ကုန်တိုးမြှင့်ရေးမက်လုံးပေးစွဲဆောင်မှုများနှင့်အတူ ပုဂ္ဂလိက ကဏ္ဍမှ အပြုသဘောဆောင်သော ဈေးကွက်သုတေသန အချက်အလက်များ၊ အမှတ်တံဆိပ် တည်ဆောက်မှု၊ အရည်အသွေးနှင့် စံချိန်စံညွှန်းများ ပြည့်မီအောင် ဆောင်ရွက်မှုတို့ ပေါင်းစည်းခြင်းဖြင့် မြန်မာ့ဆန်စပါးကဏ္ဍတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများရရှိလာမည်ဖြစ်ကြောင်း လေ့လာသုံးသပ်တင်ပြ အပ်ပါသည်။

**ကျမ်းကိုးစာရင်း**


(၁) International Trade Centre (ITC), Trade Map: www.trademap.org

(၂) Self-Compilation from Export Import Data Bank, Department of Commerce, India

(၃) The Hindu Businessline, Global rice prices drop over 10% after India lifts all curbs on exports, Oct 30, 2024

(၄) Trade Promotion council of India: India scraps export tax on parboiled rice, October 23, 2024.

(၅) Global New Light of Myanmar, Myanmar ships 930,000 + tonnes of rice to international markets in H1 this FY, October 12, 2024

(၆) Global New Light of Myanmar, Myanmar's rice stock at 4M tonnes despite flood damage to 5,000 acres, September 27, 2024


(ကောင်းထွဋ်အောင်၊စီးပွားရေးသံမှူး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကော်လ်ကတ္တားမြို့)

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ရက်။

Table 1: **Top Rice Exporters as of 2023**

| Sr. | Exporters | Value exported in 2023 (USD thousand) | Quantity exported in 2023 (Ton) | Unit value (USD/unit) | Annual growth in value between 2019-2023 (%) | Annual growth in quantity between 2019-2023 (%) | Share in world exports (%) |
|---|---|---|---|---|---|---|---|
| | World | 34,353,941 | - | | 9 | (17) | 100 |
| 1 | India | 10,463,016 | 17,864,984 | 586 | 12 | 18 | 30.5 |
| 2 | Thailand | 5,115,919 | 8,747,565 | 585 | 5 | 6 | 14.9 |
| 3 | Viet Nam | 3,857,625 | - | | 17 | (41) | 11.2 |
| 4 | Pakistan | 2,880,907 | 4,560,394 | 632 | 6 | 1 | 8.4 |
| 5 | United States of America | 2,015,459 | 2,697,048 | 747 | 1 | (8) | 5.9 |
| 6 | Cambodia | 1,878,995 | 5,756,507 | 326 | 33 | 59 | 5.5 |
| 7 | China | 983,750 | 1,625,889 | 605 | - | (10) | 2.9 |
| 8 | Italy | 968,228 | 675,815 | 1,433 | 10 | (1) | 2.8 |
| 9 | Myanmar | 743,513 | 1,595,315 | 466 | (1) | (6) | 2.2 |
| 10 | Brazil | 621,463 | 1,454,048 | 427 | 14 | 9 | 1.8 |
| | Others | 4,825,066 | (44,977,565) | (5,807) | (88) | (44) | 14 |

Source: Trade Map (www.trademap.org) (Self-Compilation)

Table 2: **Top Rice Importers as of 2023**

| Sr. | Importers | Value imported in 2023 (USD thousand) | Quantity imported in 2023 (Ton) | Unit value (USD/unit) | Annual growth in value between 2019-2023 (%) | Annual growth in quantity between 2019-2023 (%) | Share in world imports (%) |
|---|---|---|---|---|---|---|---|
| | World | 33,359,731 | - | | 9 | (44) | 100 |
| 1 | Indonesia | 1,789,024 | 3,062,858 | 584 | 58 | 50 | 5.4 |
| 2 | Philippines | 1,635,577 | 3,611,024 | 453 | 15 | 12 | 4.9 |
| 3 | Saudi Arabia | 1,535,432 | 1,511,631 | 1,016 | 2 | (1) | 4.6 |
| 4 | United States of America | 1,422,519 | 1,338,232 | 1,063 | 7 | 8 | 4.3 |
| 5 | China | 1,407,464 | 2,597,316 | 542 | 9 | 9 | 4.2 |
| 6 | Iraq | 1,339,435 | 1,836,740 | 729 | 20 | 27 | 4 |
| 7 | Malaysia | 819,849 | 1,408,212 | 582 | 13 | 8 | 2.5 |
| 8 | United Kingdom | 749,966 | 709,278 | 1,057 | 7 | - | 2.2 |
| 9 | Japan | 745,692 | 708,975 | 1,052 | 12 | 1 | 2.2 |
| 10 | Viet Nam | 743,421 | 2,245,393 | 331 | 109 | | 2.2 |
| | Others | 21,171,352 | (19,029,659) | (7,409) | (243) | (158) | 64 |

Source: Trade Map (www.trademap.org) (Self-Compilation)

Table 3: **Top Rice Exporters to India as of 2023**

| Sr. | Exporters | Value imported in 2023 (USD thousand) | Share in India's imports (%) | Quantity imported in 2023 (Ton) | Unit value (USD/unit) |
|---|---|---|---|---|---|
| | World | 5341 | 100 | 6008 | 889 |
| 1 | Thailand | 2265 | 42.4 | 2188 | 1035 |
| 2 | India | 1446 | 27.1 | 2704 | 535 |
| 3 | Italy | 701 | 13.1 | 311 | 2254 |
| 4 | Spain | 325 | 6.1 | 252 | 1290 |
| 5 | Viet Nam | 212 | 4 | 233 | 910 |
| 6 | Nepal | 113 | 2.1 | 30 | 3767 |
| 7 | Portugal | 103 | 1.9 | 66 | 1561 |
| 8 | United States of America | 89 | 1.7 | 38 | 2342 |
| 9 | Sri Lanka | 46 | 0.9 | 130 | 354 |
| 10 | Australia | 14 | 0.3 | 26 | 538 |
| 11 | Bahrain | 12 | 0.2 | 26 | 462 |
| 12 | Korea, Republic of | 11 | 0.2 | 4 | 2750 |
| 13 | Philippines | 3 | 0.1 | 1 | 3000 |

Source: Trade Map (www.trademap.org) (Self-Compilation)

Table 4: **Top 20 Rice Export Destinations of India (as of August, 2025)**

Values in US$ Million

| Sr. | Names of Country | 2022-23 | 2023-24 | 2024-25 (Apr-Aug) |
|---|---|---|---|---|
| 1 | SAUDI ARAB | 1157.4 | 1356.48 | 544.11 |
| 2 | IRAQ | 392.29 | 909.69 | 355.08 |
| 3 | IRAN | 1029.32 | 689.81 | 391.81 |
| 4 | BENIN | 530.74 | 516.96 | 379.76 |
| 5 | U ARAB EMTS | 487.44 | 454.27 | 151.47 |
| 6 | YEMEN REPUBLC | 345.25 | 385.3 | 108.91 |
| 7 | GUINEA | 324.45 | 373.85 | 195.31 |
| 8 | U S A | 279.99 | 350.14 | 163.75 |
| 9 | TOGO | 332.02 | 282.57 | 117.76 |
| 10 | VIETNAM SOC REP | 202.15 | 265.65 | 56.64 |
| 11 | KENYA | 215.05 | 252.58 | 20.08 |
| 12 | COTE D' IVOIRE | 421.84 | 250.76 | 175.59 |
| 13 | SOMALIA | 178.43 | 242.21 | 64.13 |
| 14 | SENEGAL | 433.49 | 235.56 | 128.45 |
| 15 | U K | 155.4 | 233.19 | 82.17 |
| 16 | OMAN | 166.64 | 218.18 | 61.71 |
| 17 | KUWAIT | 173.96 | 217.04 | 88.56 |
| 18 | MALAYSIA | 144.5 | 165.5 | 84.02 |
| 19 | QATAR | 133.06 | 163.61 | 60.57 |
| 20 | NEPAL | 284.4 | 155.09 | 41.51 |
| | Others | 3756.52 | 2698.25 | 1154.67 |
| | Total | 11144.34 | 10416.69 | 4426.06 |

Source: Export Import Data Bank, Department of Commerce, India (Self-Compilation)

Table 5: **Top 20 Rice Export Destinations of India (as of August, 2025)**

Unit in Thousand KG

| Sr. | Names of Country | 2022-23 | 2023-24 | 2024-25 (Apr-Aug) |
|---|---|---|---|---|
| 1 | SAUDI ARAB | 1,165,525.54 | 1,283,189.29 | 526,781.75 |
| 2 | IRAQ | 390,335.71 | 858,806.98 | 351,786.53 |
| 3 | IRAN | 1,075,186.21 | 685,904.96 | 401,202.64 |
| 4 | BENIN | 1,559,256.21 | 1,284,932.67 | 782,847.10 |
| 5 | U ARAB EMTS | 597,429.19 | 535,498.78 | 181,920.17 |
| 6 | YEMEN REPUBLC | 353,677.51 | 380,230.76 | 110,667.11 |
| 7 | GUINEA | 910,762.96 | 911,790.46 | 384,499.73 |
| 8 | U S A | 257,196.41 | 288,110.90 | 134,157.78 |
| 9 | TOGO | 940,963.19 | 712,985.70 | 238,788.76 |
| 10 | VIETNAM SOC REP | 645,247.88 | 693,514.83 | 125,808.04 |
| 11 | KENYA | 609,615.30 | 621,774.79 | 28,525.36 |
| 12 | COTE D' IVOIRE | 1,211,857.97 | 618,892.15 | 358,934.79 |
| 13 | SOMALIA | 484,418.70 | 542,531.18 | 124,180.38 |
| 14 | SENEGAL | 1,333,473.71 | 643,935.33 | 306,892.58 |
| 15 | U K | 171,900.48 | 206,886.14 | 74,896.65 |
| 16 | OMAN | 192,719.92 | 233,892.01 | 64,738.78 |
| 17 | KUWAIT | 183,106.98 | 207,498.84 | 88,197.08 |
| 18 | MALAYSIA | 287,043.87 | 293,835.11 | 156,355.73 |
| 19 | QATAR | 169,765.40 | 186,880.54 | 68,552.91 |
| 20 | NEPAL | 813,550.50 | 423,491.41 | 105,339.87 |
| | Others | 9,000,026.49 | 4,743,998.41 | 1,785,799.39 |
| | Total | 22353060.13 | 16358581.24 | 6400873.13 |

Source: Export Import Data Bank, Department of Commerce, India (Self-Compilation)

Table 6: **Exporting by Rice varieties by India (as of August, 2025)**

Unit in Thousand KG

| HSCode | Commodity | 2022-23 | 2023-2024 | 2024-2025(Apr-Aug) |
|---|---|---|---|---|
| 100630 | SEMI/WHOLLY MILED RICE W/N POLISHED/GLAZED | 18,810,763.50 | 15,171,891.00 | 5,654,097.69 |
| 100640 | BROKEN RICE | 3,049,195.25 | 545,242.19 | 539,059.50 |
| 100620 | HUSKED (BROWN) RICE | 11,656.86 | 301,858.56 | 121,472.80 |
| 100610 | RICE IN HUSK (PADDY OR ROUGH) | 481,444.52 | 339,589.49 | 86,243.14 |
| | Total | 22,353,060.13 | 16,358,581.24 | 6,400,873.13 |

Source: Export Import Data Bank, Department of Commerce, India (Self-Compilation)

Table 7: **Top 20 Rice Export Destinations of Myanmar as of 2023**

| Sr. | Importers | Value exported in 2023 (USD thousand) | Share in Myanmar's exports (%) | Quantity exported in 2023 (Ton) | Unit value (USD/unit) | Growth in exported value between 2019-2023 (%, p.a.) | Growth in exported quantity between 2019-2023 (%, p.a.) |
|---|---|---|---|---|---|---|---|
| 1 | World | 743513 | 100 | 1595315 | 466 | -1 | -6 |
| 2 | China | 205798 | 27.7 | 440158 | 468 | -7 | -1 |
| 3 | Indonesia | 98569 | 13.3 | 175558 | 561 | 2 | -14 |
| 4 | Belgium | 86116 | 11.6 | 214300 | 402 | 14 | 3 |
| 5 | Philippines | 76131 | 10.2 | 161868 | 470 | 6 | -1 |
| 6 | Spain | 39078 | 5.3 | 89312 | 438 | 51 | 43 |
| 7 | Poland | 30478 | 4.1 | 64897 | 470 | 12 | 5 |
| 8 | Malaysia | 25485 | 3.4 | 52336 | 487 | -19 | -26 |
| 9 | Netherlands | 22934 | 3.1 | 54275 | 423 | 28 | 13 |
| 10 | Türkiye | 21811 | 2.9 | 46966 | 464 | 227 | 62 |
| 11 | Bangladesh | 20375 | 2.7 | 51525 | 395 | 404 | 78 |
| 12 | United Kingdom | 17375 | 2.3 | 39975 | 435 | -1 | -12 |
| 13 | Italy | 12509 | 1.7 | 25537 | 490 | 54 | 41 |
| 14 | Côte d'Ivoire | 12300 | 1.7 | 23119 | 532 | -13 | -24 |
| 15 | Bulgaria | 10878 | 1.5 | 23051 | 472 | 42 | 34 |
| 16 | Viet Nam | 10704 | 1.4 | 23559 | 454 | -36 | -42 |
| 17 | Czech Republic | 7565 | 1 | 15026 | 503 | 16 | 11 |
| 18 | Portugal | 7399 | 1 | 15749 | 470 | 7 | -1 |
| 19 | Lithuania | 5616 | 0.8 | 11995 | 468 | 14 | 8 |
| 20 | Slovenia | 3459 | 0.5 | 6600 | 524 | 2 | -7 |
| | Others | 28933 | | 59509 | | | |

Source: Trade Map (www.trademap.org) (Self-Compilation)